နိုင်ငံသစ်တည်ဆောက်ရေးအတွက် အကျိုးပြုသော စိန္တကျော်သူဦးသြ၏ရတုများ

စမ်းအေး
ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ မိတ္ထီလာတက္ကသိုလ်

စာတမ်းအကျဉ်း

ဤစာတမ်းသည် "စိန္တကျော်သူဦးသြ၏ ရတုများသည် နိုင်ငံသစ်တည်ဆောက်ရေးအတွက် အကျိုးပြု ရတုများ ဖြစ်ပုံ"ကို လေ့လာတင်ပြထားပါသည်။ ရှေးကဗျာကဏ္ဍ၊ မြန်မာစာပေနယ်မှ လေ့လာတင်ပြ ထားခြင်း ဖြစ်ပါသည်။ လေ့လာရာတွင် စိန္တကျော်သူ ဦးသြ၏ရတုများမှ နိုင်ငံတည်ဆောက်ရေးအတွက် အကျိုးပြုလုပ်ငန်းများ ပေါ်လွင်မှုရှိသည့် ရတုများကို အလေ့လာခံအဖြစ် တင်ပြ ထားပါသည်။ တင်ပြရာတွင် ရတုကဗျာဆိုင်ရာ နည်းနာများကို အခြေခံတင်ပြထားပါသည်။ တိုင်းပြည်နှင့်လူမျိုးကို ချစ်ခင်မြတ်နိုးပြီး မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်ပါသည်။ ဤစာတမ်းကို လေ့လာခြင်းဖြင့် နိုင်ငံသစ်တည်ဆောက်ရာတွင် မင်းနှင့်ပြည်သူ လက်တွဲညီညီ ချီတက်ဆောင်ရွက်ကြလျှင် အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်းနိုင်မည်ဟူသော အသိအမြင်များ ရရှိနိုင်ပါသည်။

သော့ချက်ဝေါဟာရ။ ။ရတုကဗျာ၊ စွမ်းဆောင်ချက်၊ စည်းလုံးညီညွတ်မှု၊ နိုင်ငံသစ်၊ တည်ဆောက်ရေး၊ စိန္တကျော်သူဦးသြ

နိဒါန်း

မြန်မာစာပေတွင်ရတုကဗျာသည် တစ်ခန်းတစ်ကဏ္ဍအဖြစ် ပါဝင်ရပ်တည် နေပါသည်။ ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ ရတုကဗျာများသည် အကြောင်းအရာနယ်ပယ် ကျယ်ပြန့်လာရုံသာမက စည်းရုံးရေးအသွင်ဆောင် လာသည်ကို တွေ့ရသည်။ ကုန်းဘောင်ခေတ်စာဆိုစိန္တကျော်သူဦးသြသည် စိန္တကျော်သူ ဦးသြ ဘွဲ့မည်ဖြင့် ရတုပုဒ်ရေ(၄၂)ပုဒ် ဖွဲ့ဆိုခဲ့ပါသည်။ ယင်းတို့အနက်မှ တိုင်းပြည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အကျိုးပြုသော၊ စည်းရုံးရေးအသွင်ဆောင်သော ရတုများကို လေ့လာတင်ပြထားပါသည်။

နိုင်ငံတော်သစ်တည်ဆောက်ခြင်းသည် မလွယ်ကူပေ။ ပြည်သူတို့၏ စည်းလုံးညီညွတ်မှု စွမ်းအား လိုအပ်သည်။ စစ်သည်စစ်သားတို့၏စိတ်ဓာတ်၊ဇွဲ၊ သတ္တိခိုင်မာရန် လိုအပ်သည်။ မင်းကောင်းမင်းမြတ် လိုအပ်သကဲ့သို့ မိမိအရှင်သခင်မင်းမြတ်ကို တန်ဖိုးထားလေးစားမြတ်နိုးရန်လည်း လိုအပ်သည်။ ကုန်းဘောင်ခေတ်တွင် မြန်မာတို့အညွှန့်ကျိုးနေချိန် မြန်မာ့ဦးစွန်းပြန်လည် တည့်မတ်လာရန် စိန္တကျော်သူ ဦးသြက ရတု ကဗျာများဖြင့် ပြုပြင်ပေးခဲ့သည်။ စိန္တကျော်သူ ဦးသြ၏ ရတုကဗျာများသည် နိုင်ငံသစ် တည်ဆောက်ရာတွင် အကျိုးပြုရတုများဖြစ်ကြောင်း ဖော်ထုတ်တင်ပြ ထားပါ သည်။

စိန္တကျော်သူဦးသြ၏ အတ္တုပ္ပတ္တိအကျဉ်း

ဦးသြသည် သက္ကရာဇ် ၁၀၉၈ခုနှစ်တွင် အလုံမြို့ အထက် မောင်းထောင်ရွာ၌ ဖွားမြင်သူဖြစ်သည်။ အဖမှာ ဦးဇေယျ၊ အမိမှာ တွင်းသင်းတိုက်ဝန် မဟာစည်သူ၏ အစ်မ ဒေါ်ပုဖြစ်သည်။ အမည်ရင်းမောင်သြဘာ ဖြစ် သည်။

"ဦးသြသည် ငယ်ရွယ်စဉ် သာမဏေဘဝ ကပင်လျှင် ကဗျာလင်္ကာများကို ရေးသား စပ်ဆိုခဲ့သည်။ ထိုသို့သော အရည်အချင်းကို ကျော်အောင်စံထား ဆရာတော် ဘုရားကြီး သိမြင်တော်မူလေလျှင် 'ဤသူငယ်ကား ဉာဏ်စွမ်းဉာဏ်စရှိ သည်။ မင်းထံခစားရသော် ကြီးပွားအုံ'ဟု သက္ကရာဇ်၁၁၃၃ခုနှစ် အသက်၁၃ခုနှစ် အရွယ် တွင် လူထွက်စေပြီးသော် ရတနာပူရ အင်းဝ ရွှေမြို့ တော်ကြီး ၌ ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူ လျက် ရှိသော ဟံသာဝတီရောက် မင်းတရားကြီးထံ သွားရောက်အပ်နှံ သည်။" (မောင်သုတ၊ ၂၀၀၂)

ဟံသာဝတီရောက် မင်းတရားက ဘထွေးတော် သတိုးမင်းခေါင်ထံတွင် အပ်နှံကာ'ရွှေတောင်ရာဇကျော်ဟူသောဘွဲ့နှင့် သံတော်ဆင့်အရာတွင် ချီးမြှင့်သူကောင်း ပြုတော်မူသည်။

ရွှေတောင်ရာဇကျော်ဘွဲ့ခံ ဦးသြသည် သက္ကရာဇ် ၁၁၁၃ခုနှစ် တော်သလင်း လဆန်း (၁၁)ရက်အင်္ဂါနေ့တွင် 'ကဝိလက္ခဏာ သတ်ပုံကျမ်း'ကို ရေးသားဆက်သွင်းသည်။ အလောင်းမင်းတရားကြီး လက်ထက်တွင် ကဗျာလင်္ကာများ ရေးသားဆက်သွင်းသောကြောင့် *စိန္တကျော်သူ့ဘွဲ့နှင့် နန်းတွင်းစာဆိုကြီးအဖြစ် ချီးမြှင့်ခြင်းခံရပါသည်။

သက္ကရာဇ် ၁၁၁၉ခုနှစ် ရွှေနန်းတော်၌ ထီးချက်တော် အရောင်တောက်သည်ကို ရွှေထီးချက်မှာတဝါဝါတည် အစချီသော ရတုနှင့်တကွ စာပေ ဖွဲ့စပ်သည်။ မင်းခမ်းဆိုင်ရာ ရတုအမျိုးမျိုး အိမ်ရှေ့မိဖုရား ဇချင်း၊ ဩဝါဒထူးပျို့၊ကန်တော်သိမ်ရတုစသည်များကို ခမ်းနားဖွယ် ရာဖွဲ့ဆိုသည်။

သက္ကရာဇ် ၁၁၃၃ခုနှစ် အသက်(၃၅)နှစ်တွင် အနိစ္စ ရောက်သည်။

ရတုဝေါဟာရနှင့် သဘောသဘာဝ

မြန်မာစာပေသည် လက်ာ၊ စကားပြေ၊ လက်ာ စကားပြေ နှစ်ထွေရောဟူ၍ အကိုင်းအခက်ကြီး(၃)ခု ဖြင့် ရှင်သန်လျက်ရှိပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင်၏ကဗျာ ဗန္ဓသာရကျမ်းတွင် ကဗျာ လက်ာကို ပင် လက်ာနှင့် သီချင်းဟူ၍ ခွဲခြားပြထားသည်။ ရတု သည် လက်ာအနွယ်တွင် ပါဝင်သည်။

ရတုဝေါဟာရနှင့် ပတ်သက်၍ ပုဂံဝန်ထောက်မင်းဦးတင်၏ ကဗျာဗန္ဓသာရကျမ်းတွင်–

"ရတုဆိုသည်မှာ မြန်မာဘာသာ ပေါရာဏကထာ သက်သက်ရတု လည်းရှိသည်။ သက္ကဋဘာသာ ရိတုမှ ပျက်ပြယ်ရွေ့လျောကာ
မြန်မာဘာသာရတုလည်းရှိသည်..

(ပုဂံဝန်ထောက်ဦးတင်၊ ၁၉၆၉)

ဟူ၍ ဖော်ပြထားပါသည်။

ရတုဝေါဟာရ အဓိပ္ပာယ် ဖင့်ဆိုချက်နှင့် ပတ်သက် ၍ မဟာဇေယျသန်းယာဘွဲ့ခံ လှေသင်းအတွင်းဝန် ဦးချိန်၏ ဝေါဟာရလိနတ္ထ ဒီပနီတွင်–

"ရတဟူ၍ခေါ်ဝေါ်ရေးသားကြသည်မှာ တောင်ဂူဆိုဖလ် စကြာလျှင်ချီ ရတုတွင် သနားဖွယ်မှု၊ သည်ရတုမှု၊ ရှုကဲလွန်.ဟူသော စကားအရ ၁၂ရာသီအဖွဲ့ကို ဝိသေသ အားဖြင့် ရတုဆိုလိုသည်.. (မဟာဇေယသန်းယာ၊ ၁၉၆၃)

ဟုလည်းကောင်းဖော်ပြထားသည်။

မြန်မာအဘိဓာန်တွင်–

"ရတု/ယဒု/နဝ၊ နွေ၊ မိုး၊ ဆောင်းတည်း ဟူသော ဥတုသုံးပါး။
၂။ နွေဦး၊ နွေနှောင်း၊ မိုးဦး မိုးနှောင်း၊ ဆောင်းဦး၊ ဆောင်းနှောင်းဟူသော ရတုခြောက်ပါး။
၃။ဆိုင်ရာရာသီဥတု၌ ကျင်းပသည့် ပွဲလမ်းသဘင်။
၄။လေးလုံးတစ်ပိုဒ်ရေးဖွဲ့သောကဗျာတစ်မျိုး..

(မြန်မာစာအဖွဲ့၊ ၁၉၉၉)

ဟူ၍ ဖော်ပြထားပါသည်။

ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း၌ ရတုဝေါဟာရနှင့်ပတ်သက်၍–

"ရတုဟူသည် သက္ကတဘာသာရိမှ ပျက်လာသော ရတုလည်းရှိသည်။ မြန်မာဘာသာ ပေါရာဏသက်သက် ရတု လည်းရှိသည။ သက္ကတဘာသာရိတုမှာ အခါရာသီအနက်ရ၏။ မြန်မာဘာသာရတုမှာ သဘင်ဟူသောအနက်၊အခမ်းအနားဟူသောအနက်၊အခြေအနေ ဟူသော အနက် သုံးမျိုးရသည်။.. (ဦးဖေမောင်တင်၊ ၁၉၈၇)

ပညာရှင်အသီးသီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုအခြေတည်၍ ရတုဟူသော ဝေါဟာရမှာ သက္ကတ ဘာသာ စကား ရိတုမှလာ၍ "အခါရာသီ၊ သဘင်၊ အခမ်းအနား၊ အခြေအနေ..တို့က ဖွဲ့ဆိုသော ကဗျာ လက်ာတစ်မျိုး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ရတုတွင် ဖွဲ့စပ်ပုံကိုလိုက်၍ တစ်ပိုဒ်တည်း ဖွဲ့စပ်လျှင် ဧကပိုဒ်ရတု၊ နှစ်ပိုဒ်ဖွဲ့လျှင် အဖြည့်ခံရတု၊ သုံးပိုဒ်ဖွဲ့စပ်လျှင် ပိုဒ်စုံရတုဟူ၍ ကွဲပြားကြောင်း သိရှိရသည်။ တစ်ပုဒ်လုံးတွင်လည်း ပဒအရေအတွက် အားဖြင့် ၁၀၈ ပဒ ထက်ပိုမို၍ မဖွဲ့နဲ့ကြချေ။ အဖျားချများတွင်လည်း ခိုင်ညွှန့်ခက်ဖြာ၇လုံး၊ မဏိ ဆံကျင် ၉လုံး၊ အာသာဝတီ ဝတ်ဆံ ၁၁လုံး၊ မဏိ ဦးပြည့် ၁၅လုံး၊ ဇော်တစ်ခိုင်လုံး ၁၉လုံးစသည်ဖြင့် အဖျားစာလုံး အရေအတွက် သီးသန့် ထားလျက် ရှိသည်။

ရတုသည် ဖွဲ့စပ်သော အကြောင်းအရာ ကိုလိုက်၍ ဘုရားတိုင်ရတု၊ ကျေးစေရတု၊ မယ်ဘွဲ့ရတု၊ မောင်ဘွဲ့ရတု၊ ရာသီဘွဲ့ရတု၊ ပြည်ဘွဲ့ရတု၊ မြို့ဘွဲ့ရတု၊ မိုးတော ရတု၊ မိုးတိုင်ရတု၊ သိကြားတိုင်ရတုဟူ၍ အမျိုးမျိုး ကွဲပြားကြောင်း တွေ့ရှိရပါသည်။

နိုင်ငံသစ် တည်ဆောက်ရေးအတွက် အကျိုးပြုသော စိန္တကျော်သူဦးသြ၏ ရတုများ

စိန္တကော်သူဦးသြ၏ ရတုများသည် နိုင်ငံသစ် တည်ဆောက်ရေးအတွက် အကျိုးပြုရတုများဖြစ်ကြောင်းကို ဘုန်းတော်ဘွဲ့များ၊ အလောင်းမင်းတရားကြီး၏ ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်များနှင့် စစ်သည် စစ်သားတို့၏ စွမ်းရည်ဟူ၍ လေ့လာတင်ပြမည် ဖြစ်ပါ သည်။

ဘုန်းတော်ဘွဲ့များ

ပဒေသရာဇ်ခေတ်တွင် ပေါ်ထွန်းခဲ့သော ရှေးစာဆိုတို့သည် မိမိတို့ရေးဖွဲ့သော ကဗျာလက်ာတို့၌ မိမိတို့ အရှင်သခင်၏ ဘုန်းတော်ကို ထည့်သွင်း ရေးဖွဲ့လေ့ရှိပါသည်။ စိန္တကျော်သူဦးသြ၏ ရတုများတွင်လည်း ဘုန်းတော်ဘွဲ့များကို တွေ့ရှိရပါသည်။

အလောင်းမင်း တရားကြီးသည် ရတနာသိမ်ကုန်းဘောင်နေပြည်တော်ကြီးကို တည်ထောင်ခဲ့သော မြို့တည်နနားတည်မင်းဖြစ်ကြောင်းကို ရန်ကုန်ရွှေပြည်ရှိ ရတုတွင်–

"ကျုံးတုတ်ပတ်ရစ်၊ မြို့သစ်ထူးဆန်း၊
အောင်နန်းစိုက်တည်၊ စံခဲ့သည်နှင့်.. (

စိန္တကျော်သူဦးသြ၊၁၉၅၆)

ဟူ၍လည်းကောင်း၊ စေတီပုထိုး၊ သုဓမ္မာဇရပ်၊ တန်ဆောင်းတို့ကို ဆောက်လုပ် လျှုဒါန်းပုံကို–

"ဗိုလ်မင်းရည်ရွယ်၊ ဆတော်ဝယ်လည်း၊ လေးသွယ်မုတ်တပ်၊ မှန်လျှိုးလျပ်နှင့်စရပ်လေးမြွှာ၊ သုဓမ္မာကို၊

ခေါ်သာရုပ္ပ၊ စည်သဲသဲသား၊ ရိုးရဲနီတွတ်၊ ကသစ်ဆွတ်သား၊ နတ်သဘင်ထက်၊ ဆယ်ဆတက်၏...
(စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍လည်းကောင်းဖွဲ့ဆိုပါသည်။ အလောင်းမင်းတရားကြီး၏ အလှူပွဲသည် နတ်သဘင်ထက် ခမ်းနားပုံကို ဖွဲ့ပြသည်။ နတ်တို့၏ ဘုန်းတန်ခိုးထက် အလောင်းမင်းတရားကြီး၏ဘုန်းတော်က သာလွန်ကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ ပြည်သူပြည်သားတို့က မိမိအရှင်သခင်ကို ပိုမို၍ ကြည်ညိုလေးစားလာစေသည်။

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ပြည်သူပြည်သားတို့က မိမိတို့၏ ဘုရင်မင်းမြတ်အပေါ် ယုံကြည်ကိုးစားတန်ဖိုးထားရန် လိုအပ်ပုံကို သိမြင်စေပါသည်။

အလောင်းမင်းတရားကြီး၏ ဘုန်းအစွမ်းကြောင့် ပင်လယ်တကြောတွင် သင်္ဘောဖြင့် ကြွမြန်းမည်ဆိုပါက ကျွန်းအားလုံးရှိ ရန်သူအပေါင်း ပျောက်ကွယ် သွားရကြောင်းကို 'ဘဲ့နယ်လည်းရှင်.ချီရတုတွင်-

"ပင်လယ်ကြောဝယ်၊ သင်္ဘောရေနန်း၊
ဘုန်းနေထန်းက၊ ကျွန်းအလျှိုလျှိုး၊ ရန်ထို ထိုသည်၊
နှင်းလိုပျောက်လွင့်၊ ဝေ့စက်ပွင့်.. (စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ဖွဲ့ဆိုပါသည်။ ဘုရင်၏ဘုန်းတန်ခိုးကြောင့် ရန်အပေါင်း ပျောက်ကွယ်ရပုံကို နေထိသောကြောင့် ပျောက်ကွယ်သွားသော နှင်းနှင့်တင်စားကာ 'နှင်းလိုပျောက်လွင့်၊ ဝေ့စက်ပွင့်.ဟူ၍ ဖွဲ့ဆိုသည်။ မိမိတို့၏ ဘုရင်မင်းမြတ်သည် ဤမျှလောက် ဘုန်းတန်ခိုးကြီးမားကြောင်း ပြည်သူကို သိစေလိုသည်။ ဘုရင်မင်းမြတ်အပေါ်အထင်ကြီး လေးစားလာစေခြင်းသည်လည်း နိုင်ငံ တစ်နိုင်ငံ ထူထောင်ရာတွင် အဓိကလိုအပ်ချက်ကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ပါသည်။

အလောင်းမင်း တရားကြီးသည် တကွဲတပြားစီ ဖြစ်နေသော နိုင်ငံတော်ကြီးကို တစည်းတရုံးတည်း ဖြစ်အောင် စည်းရုံးနိုင်စွမ်းသော လက်ရုံးရည်နှလုံးရည်နှင့် ပြည်စုံသည်သာမက ဘုန်းတန်ခိုးကြီးမားသူ ဖြစ်ကြောင်းကို 'ကုန်းဘောင်ရွှေပြည.ချီ ရတုတွင်-

"လဝါနှလုံး၊ လက်ရုံးခြေသ့ဲ၊ ဘုန်းလွေ.လွေ.လျှင်..
(စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ရေးဖွဲ့ခဲ့သည်။ ခေါင်းဆောင်ကောင်း ဟူသည် နေလကဲ့သို့ ကျင့်ရမည်ဟူသော အဆိုအတိုင်း အလောင်းမင်းတရားကြီးသည် နှလုံးရည် ပြည့်ဝသူ ဖြစ်သည်။ လက်ရုံးရည်ပြည့်ဝမှုကို ရဲစွမ်းသတ္တိရှိသော ခြသ့ဲမင်း နှင့်ထပ်တူပြုကာ လက်ရုံးခြသ့ဲဟု ဖွဲ့ဆိုသည်။ ပတ်ဝန်းကျင်အနှံ့ ဘုန်းတန်ခိုးပျံ့နှံ့ကျော်ကြားသော မင်းတစ်ပါးဖြစ်ကြောင်းကို ပေါ်လွင်စေပါသည်။

ထို့ကြောင့် စိန္တာကျော်သူ ဦးသြသည် ဘုန်းတော်ဘွဲ့များကို ဖွဲ့ဆိုရာတွင် အလောင်းမင်း တရားကြီးအား ဘုန်းရှင်ကံရှင် မင်းတစ်ပါးအဖြစ် မြင်လာစေသည်။ *ရွှေနန်းစက်ရှင်. ချီ ရတုတွင်လည်း-

****နေဝန်းတက်လျှင်၊ ကြယ်လသွင်သို့၊ ဘုရင်ထီးဆောင်း မင်းအပေါင်းတို့၊**
ရင်လောင်းဘုန်းတော်၊ သောက်ရွန်း ပေါ်က၊
ရွှင်ပျော်ပွင့်လန်း၊ကိုယ့်ရှင်နန်းဝယ်၊ သိမ်းမြန်းစံကာမနေသာ..(စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ နေဝန်းပေါ်က ကြယ်လနက္ခတ် တာရာတို့သည် အရောင်အဝါတန်ခိုးမပနိုင်သကဲ့သို့ အလောင်းမင်းဘုန်းကြောင့် ထီးဆောင်းမင်းအပေါင်းတို့လည်း မနေသာဘဲ ဝပ်တွားခယ လာကြရသည်ဟူ၍ ဘုန်းတော် ကြီးမားပုံကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ မိမိတို့၏ ဘုရင်မင်းမြတ်သည် အခြားသော ထီးဆောင်းမင်း အပေါင်းကပင် လာရောက်ဦးခိုက်ရသော မင်းဖြစ်ကြောင်း ပြည်သူကို သိစေချင်သည်။ မင်းတရားကြီးအပေါ် ယုံကြည် အားကိုးမှု ဖြစ်ပေါ်လာစေပါသည်။ ထို့ကြောင့် စာဆိုသည် အလောင်းမင်း တရားကြီးကို မြို့တည်နန်းတည် မင်းတစ်ပါး အဖြစ်လည်းကောင်း၊ သာသနာပြု မင်းကောင်းမင်းမြတ် တစ်ပါးအဖြစ်လည်းကောင်း ပြည်သူအများ၏ ချစ်ခင်ရသော ယုံကြည်အားထား ရသော မင်းအဖြစ် ထင်ရှားစေခဲ့သည်။ ဘုန်းတော်ဘွဲ့ များဖြင့် ပြည်သူပြည်သားတို့၏ စိတ်ဓာတ်ကို စည်းရုံး သိမ်းသွင်းနိုင်ခဲ့ပါသည်။

အလောင်းမင်းတရားကြီး၏ ပြည်သူ့အကျိုးပြု စွမ်းဆောင်ရည်များ

အလောင်းမင်းတရားကြီးသည် မွန်တလိုင်း၊ ရှမ်းတို့လက်အောက်မှ လွတ်မြောက်အောင် ကယ်တင်ပြီး တိုင်းပြည်၏ နယ်နမိတ်ကို အာသံ၊ မဏိပူရ၊ ကသည်းမှ ယိုးဒယားတိုင်အောင် ချဲ့ထွင်နိုင်ခဲ့ပါသည်။ အလောင်း ဘုရား၏ တတိယမြန်မာ နိုင်ငံတော်ကြီး တည်ထောင် ခဲ့ပုံများကို စိန္တာကျော်သူဦးသြ၏ ရတုများတွင် ဖော်ထုတ် ဖွဲ့ဆိုခဲ့ပါသည်။

'ချစ်၍ခေါ်သည်.ချီမဟာကန်တော်ဘွဲ့၊ မယ်ဘွဲ့အခံ ရတုတွင် အလောင်းမင်းတရားကြီးသည် ဆည်ဖို့ တော်မူသော မဟာနန္ဒာကန်တော်ကြီးအကြောင်း စေ့စုံစွာဖော်ပြထားသည်။ အထက်အညာတစ်ခွင် ချောင်းရိုးကိုးဆယ့်ကိုးသွယ်တို့မှ ပေါင်းယှက်လှည့်လည်စီးဆင်းလာသော မိုးရေတို့ကို ဤနန္ဒာကန်မှ ဆီးတားပြီးလျှင် ဆည်ထားသည်။ ကန်သင်းဘောင်ကြီး ဆည်ဖို့ထားသည်မှာ တောင်ကြီးကဲ့သို့ပင် မြင့်မားလှပုံကို စာဆိုက-

"ညာခွင်ချောင်းရိုး၊ ကိုးဆဲ့ကိုးက၊ ရေမိုးရှက်လည်၊
စီးလာသည်ကိုဆီးဆည်သယ်ဖို့၊ တောင်ကဲ့သို့ပင်
မို့မို့ညိုရောင်၊ သင်းကန်ဘောင်နှင့်..
(စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ဖွဲ့ဆိုပါသည်။ ဤမဟာနန္ဒာကန်ကြီး တူးဖော်ပေးခြင်းအားဖြင့် ရွှေဘိုဒေသ၏ စပါးကျီကို ပြည့်စုံတောင့်တင်း စေခဲ့ပါသည်။ ရေရှားပါးမကို ဖြည့်ဆည်းပေးပြီး ရေရအောင်ဆောင်ရွက်ပေးခဲ့ပါသည်။ ဘုန်းရှင်ကံရှင် မင်းတစ်ပါးဖြစ်၍သာ ဤမျှကြီးကယ်သော မဟာနန္ဒာကန်တော်ကြီးကို ဖန်ဆင်းစီရင် ပေးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။အလောင်းမင်းတရားကြီးကို တိုင်းပြုပြည်ပြု

မင်းတစ်ပါးအဖြစ် ပြည်သူတို့က အားကိုးလာစေခဲ့ပါသည်။

အလောင်းမင်းတရားကြီးသည် အောက်မြန်မာပြည် ပဲခူး၊ သန်လျင်၊ ထားဝယ်၊ မော်တင်စွန်း စသည့် မွန်ဒေသတစ်ဝိုကသို့ ချီတက် တိုက်ခိုက်နိုင်ခဲ့သည်။ ထို့ပြင် ပြည်ပနိုင်ငံဖြစ်သော ယွန်း၊ ယိုးဒယား တိုင်အောင် တိုက်ခိုက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ဟိုင်းကြီးကျွန်းရှိ အင်္ဂလိပ်တို့အား ချီတက်တိုက်ခိုက်နှိမ်နင်း နိုင်ပုံကို ဦးသြက*တဲ့နယ့်လည်းရှင်. ချီရတုတွင်–

"ကျည်းအင်္ဂလိပ်၊ ဆိပ်ပင်လယ်စွန်း၊ ဟိုင်းကြီးကျွန်းနှင့်၊ ရှမ်းယွန်းရွှမ်းပြည်၊ ဥတည်ဘုရင်၊ ရန်မျိုးစင်၍၊ အောင်မြင်ပြီဆို၊ ကြားသလိုသည်'. (စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ မှတ်တမ်းပြုဖွဲ့ဆိုခဲ့ပါသည်။ ပြည်တွင်း ပြည်ပ ရန်စွယ်ဟူသမျှကို နှိမ်နင်းပြီး နယ်မြေသစ်ချဲ့ထွင်နိုင်ခဲ့ ခြင်းပင် ဖြစ်ပါသည်။

မင်းကြီးသည် ၁၁၉၃ တန်ဆောင်မုန်းလတွင် နေပြည်တော်ကို ချဲ့ထွင်ကျုံးဝန်း၊ တာဝန်းများကို တူးတော်မူရန် အစီအမံပြုသည်ကို ဦးသြက ယင်းနှစ် နတ်တော်လပြည့်နေ့ ဆက်သွင်းသော 'ပဒေသာပင်.ချီ ရတုဌ–

"သုနာတိုင်းမ၊ ပြည်သိဿ်ကို ဆန္ဒအရှည်၊ ကပ်လုံးတည်စိမ်၊ သုံးမည့်ကျုံးချပ်၊ မြို့သုံးထပ်လျှင်၊ ဘေးခပ်သိမ်းလုံ၊ ဗိုလ်ပုံမှီရန် ရေကန်တော်ကြီး၊ ယဉ်စီးပတ်ရစ်၊ မူးနှင့်မြစ်ကို တနှစ်မရောက်၊ လချင်းဘောက်မည်.. (စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ မှတ်တမ်းတင်ခဲ့သည်။ မင်းကြီးသည် ဤကဲ့သို့ မြို့သစ်တည်ပွဲ၊ ကျုံးသစ် တူးပွဲများကိုလည်း စမ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့နောက် စိန္တာကျော်သူဦးသြသည် ရတနာသိဿ် ကုန်းဘောင်ရွှေမြို့တော်ကြီး၏ ခမ်းနားကြီးကျယ်ပုံကို 'ကုန်းဘောင်ရွှေပြည်.ချီ ရတုတွင်–

"ကုန်းဘောင်ရွှေပြည်၊ပွင့်လင်းစည်သား၊ ဆက်မည်သ်သဲ၊ ညံမစ.. (စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ဖွဲ့ဆိုသည်။ ရွှေမြို့တော်အတွင်း လူသ်၊ မြင်းသ်၊ ဆင်သ်၊ စည်ကြီးသ်၊ ခွက်ခွင်းသ်၊ ခရှသင်းသ်တို့ဖြင့် သဲသဲရှတ်ရှတ်၊ အုတ်အုတ် ကျက်ကျက် စည်ကားနေသည်။ ဤသို့ စည်ကား၍ အသံများ နေ့ညမဆိတ်ကြားနေ ရပုံကို လက်ဝဲနော်ရထာ၏ အလောင်းမင်းတရားကြီး အရေးတော်ပုံစာအုပ်တွင်–

"၁၀၁ပါးသောလူမျိုးအပေါင်းတ,လည်း မြေပြင်မလပ် အထပ်ထပ် အပြည့်အနှက်၊ မတွက်မရေနိုင်အောင် များပြားလှသည်ဖြစ်၍လူသ်၊ ဆင်သ်၊ မြင်းသ်၊ စည်ကြီး သ်၊ခွက်ခွင်းသ်၊ ခရှသင်းသ်တို့.သည် သဲသဲရှတ်ရှတ် အုတ်အုတ်ကျက်ကျက် မဟာသမုဒ္ဒရာ လှိုင်းတံပိုးထသော
အသံကဲ့သို့.နေ့.ညမဆိတ်မည်ဖြစ်လေ၏..
(လက်ဝဲနော်ရထာ၊ (ခုနှစ်မပါ)

ဟုရေးသားထားပါသည်။ တိုင်းပြည်တွင် အောင်စည် အောင်မောင်းသံတို့ဖြင့် နေ့ညမဆိတ်မည်ရှိသည့်အပြင် မြို့အင်္ဂါရပ်တို့နှင့် ညီညွတ်စွာရှိသော မြို့သစ်ကြီးဖြစ်ခဲ့ပါသည်။ တစ်ဖန် အလောင်းမင်းတရားသည် ကုန်းဘောင်ရွှေပြည်မြို့သစ်တည်ခဲ့ပုံကို *နီလာကျောက်သွင်. ချီ ရတုတွင်–

"ကုန်းဘောင်ရွှေပြည်၊ ကျောက်တိတည်သား၊ ကွေ့လည်ပတ်ရစ်၊ မူးမြစ်ရှေ့နောက်၊ တောင်မြောက် ရေကန်၊ ကျုံးသုံးတန်နှင့် ကျည်သန်တံခါး၊ ရင်တားရဲလောင်း၊ အဲမောင်းလုံထား၊ လေးမြား မီးပေါက်၊ အမြောက်လုံခြုံ၊ လက်နက်ပုံ" (စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ဖွဲ့စပ်ခဲ့ပါသည်။ ရွှေဘိုအရပ်သည် ယခင်ကကဲ့သို့ ထန်းလုံးတပ် ကာရံထားသည့် မြို့ငယ်ကလေးတစ်မြို့မဟုတ်တော့ပေ။ ရဲလောင်းရင်တား၊ကျုံးမြောင်းတို့ဖြင့် ပြည့်စုံသော မြို့အင်္ဂါရပ်တို့နှင့် ညီညွတ်စွာရှိသော မြို့သစ်ကြီးဖြစ်ခဲ့ပါသည်။

ထို့ပြင် ခမ်းနားထည်ဝါသော နန်းတော်ကြီးကိုလည်း–

"မြင့်ဖြူးမိုးခေါင်၊ တပြောင်ပြောင်လျှင်၊ ကုန်းဘောင်ကြင့်နန်း ၊မှန်စီနန်းကို၊ ထူးဆန်းထွေလည်မြင်လိမ့်မည်.. (စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ဖွဲ့ဆိုသည်။ အုံ့သြဘုန်းမိုးထိအောင် အလုံ့အရောင် တည်ငြိမ်တောက်ပနေသော ရွှေနန်းတော်ကြီးဖြင့် ကျက်သရေ ရှိလှပါပေသည်။ မြို့သစ်နန်းသစ်တို့ဖြင့် ခမ်းနားထည်ဝါအောင်လည်း ဆောင်ရွက်နိုင်ခဲ့ ပါသည်။

မင်းကြီးသည် မြို့တည်နန်းတည် မင်းတစ်ပါးအဖြစ်ဆောင်ရွက်ခဲ့ပြီး တိုင်းပြည်ကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ မင်းကြီး၏ စွမ်းဆောင်ရည်များသည် ပြည်သူကို ဗဟိုပြုသော ပြည်သူ့အကျိုးပြု ဆောင်ရွက်ချက်များပင် ဖြစ်သည်။ သို့ပါ၍ စိန္တာကျော်သူဦးသြ၏ ရတုများသည် နိုင်ငံသစ်တည်ဆောက်ရာတွင် အကျိုးပြု ရတုများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

စစ်သည်စစ်သားတို့၏ စိတ်ဓာတ်နှင့်စွမ်းရည်

အလောင်းမင်းတရားကြီး လက်ထက်တွင် စိန္တာကျော်သူ ဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားခြင်း ခံရသော ဦးသြသည် စစ်ရတုများကို ရေးဖွဲ့ခဲ့ပါသည်။ အလောင်းမင်းတရားကြီးသည် တကွဲတပြား ဖြစ်နေသော မြန်မာနိုင်ငံတော်ကြီးကို တစည်းတလုံးတည်းဖြစ်အောင် စစ်ရေးဖြင့် စည်းရုံးခဲ့ပါသည်။ အောက်ပြည်သို့ ရေကြောင်းချီရာတွင်ခနုဖြူဆိပ်ကမ်း၌ ဆိုက်ကပ်ရပ်နားစဉ် ရေကြောင်းစစ်သည်တော်တို့၏အဖြစ်ကို *ခနုဖြူတွင်.ချီ ရတုဖြင့် ပီပြင်စွာ ဖွဲ့ဆိုခဲ့ပါသည်။

ခနုဖြူဆိပ်ကမ်းတွင် ရေတပ်စစ်သည်တို့ မိမိတို့၏ လေ့များစခန်းမလှ ဆိုက်ကပ်ရသော အခြေအနေကို တစ်ခုချင်းဖွဲ့ဆိုသည်။ ရေထဲတွင် ကူးသန်းနေကြသော ရေတပ်စစ်သည် တော်တို့၏သရုပ်ကို–

"ရေထဲကူးသန်း၊ မြုပ်မွမ်းစုပ်ဖွား၊ ကြီးဗျားငင်ခ္ဆ၊ ခုန်ဆွဲဘောင်ကိုင်း၊ ကမ်းယံခိုင်း၍..
(စိန္တာကျော်သူဦးသြ၊ ၁၉၅၆)

ဟု ဖွဲ့ဆိုထားသည်။ ကူးသူကူး၊ မြေပ်သူမြေပ်၊ ပေါ်သူ ပေါ်ဖြင့်၊ လက်လှမ်းမှီရာကို ဆွဲငင်နေကြပုံတို့ကို စာဆိုက ပုံဖော်ထားသည်။ ရေပြင်တွင် လှူပ်ရှားနေရသော ရေတပ်စစ်သည်တော်တို့၏ တိုင်းပြည်အတက် အပင်ပန်းခံနိုင်မှုနှင့် ဇွဲသတ္တိတို့မှာ လေးစားဖွယ်ပင်ဖြစ် ပါသည်။

နိုင်ငံသစ် တည်ဆောက်ရာတွင် တိုင်းပြည်၏ အားဖြစ်သော စစ်သည်စစ်သားတို့၏ စွမ်းဆောင်ရည်တို့သည် ခွန်အားတစ်ရပ်ဖြစ်ပုံ၊ အခြေခံလိုအပ်ချက်ကို သိမြင်စေပါသည်။

ဓနုဖြူဆိပ်ကမ်းတွင် အပန်းတကြီး ဆိုက်ကပ်ရသော ရေတပ်စစ်သည်တော်တို့သည် တစ်ဦးနှင့် တစ်ဦး ဆဲဆိုမိကြသော်လည်း မနာကြပေ။ ညစာနှင့် လည်းဝေးကွာခဲ့ရပါသည်။ တိုင်းပြည်အတွက် အသက်ပေးရန် ဝန်မလေးသော စစ်သည်တော်တို့၏ စိတ်ဓာတ်ကို–

"ဆိုဆဲမနာ ညစာဝေးလံ၊ မြစ်ယံကမ်းမှေး၊ ရွှမ်းစေး ထူထပ်၊ မြေလပ်ကုန်းခင်၊ မမြင်မြောက်တောင်၊ ညဦးမှောင် ရီနက်၊ ဗိုလ်ရဲမက်တို့...

(စိန္တကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍ ဖွဲ့ခဲ့သည်။ တစ်ဦးနှင့်တစ်ဦး ဆဲဆိုမိကြသော်လည်း စိတ်မနာကြပေ။ ရဲဘော်ရဲဘက်စိတ်ရှိပုံကို ဆင်းရဲဒုက္ခကိုသည်းခံကာအနစ်နာခံစိတ်ဖြင့် တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ကြပါသည်။

ဦးသြသည်အလောင်းမင်းတရားကြီး ခေါင်းဆောင်သော မြန်မာစစ်သည်တော်တို့ စစ်အတတ် ကျွမ်းကျင်ပုံကို 'ကုန်းဘောင်ရွှေပြည်. ချီရတုတွင်–

"ရဲစွမ်းအင်နှင့်စက်ပြင်လုံမ၊ ဝင့်တိုင်းကျ၏။
ကာက ဒိုင်းလွှား၊လေးထားသေနတ်၊ ပစ်ခတ်နိုင်နင်း၊ ဆင်မြင်း စိုင်းနှင်၊
ဗယင်ညာသွဲ...(စိန္တကျော်သူဦးသြ၊၁၉၅၆)

ဟူ၍လည်းကောင်း ရန်ကုန်ရွှေပြည်ချီရတုတွင်–

"ဆင်တက်မြင်းစီး၊ လေးကြီးပစ်ငင်၊ လျံလျင် စက်ထိုးထားကြိုး ကွင်းစွပ်၊ လျှပ်လျှပ်ပေါ့ပါး၊ လုံထားကတောင်၊ အဲမောင်းလဲရိုက်၊ ဝန်းဝိုက်ခွေရစ်၊ ကြေးလုံးပစ်ဟု၊ ဆယ့်ရှစ်ပါးစုံ၊ တတ်မျိုးကုန်သည်..

(စိန္တကျော်သူဦးသြ၊ ၁၉၅၆)

ဟူ၍လည်းကောင်း ဖွဲ့ဆိုသည်။ ကုန်းဘောင်ခေတ် မြန်မာ့စစ်သည်တော်တို့သည် ရဲစွမ်းသတ္တိရှိ၍ လုံထိုး၊ လေးပစ်၊ ဓားခုတ်၊ သေနတ်ပစ်၊ ဆင်စီး၊ မြင်းစီး အတတ်တို့ကိုကျွမ်းကျင်ကာစစ်ရေးစွမ်းရည် ထက်မြက်စွာဖြင့် တိုင်းပြည်အတွက် ဆောင်ရွက်နိုင်ခဲ့ ပါသည်။

စိန္တကျော်သူဦးသြသည် တိုင်းပြည်အတွက် လက်ရုံးစွမ်းအားအပြည်ဖြင့် တိုက်ပွဲဝင်ခဲ့သည့်စစ်သည်တော်တို့၏ စတ်ခါတိတ်စွမ်းရည်ကို အမျိုးသားရေးစိတ်ဖြင့် ပီပြင်စွာ ဖွဲ့ဆိုခဲ့ပါသည်။ စစ်သည်တော်တို့၏စိတ်ဓာတ်နှင့် စွမ်းဆောင်ရည်တို့မှာ နိုင်ငံသစ် တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍတစ်ရပ် ဖြစ်ကြောင်း ဖွဲ့ဆိုခဲ့ပါသည်။

ခြုံငုံသုံးသပ်ချက်

စိန္တကျော်သူဦးသြ၏ရတုများသည်နိုင်ငံတည်ဆောက်ရေးအတွက် အကျိုးပြုရတုများ ဖြစ်ကြောင်းကို တင်ပြရာတွင် အလောင်းမင်းတရားကြီး၏ ဘုန်းတောဘွဲ့များ အကြောင်းကို ပထမဦးစွာတင်ပြခဲ့ပါသည်။ ဘုန်းတော်ကို ဖွဲ့ရာတွင် ရန်အပေါင်းကို ဖြိုခွင်းနိုင်စွမ်းသော၊ မြို့သစ်တည်သော၊ သာသနာပြုသော၊ အခြံအရံများသော၊ မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် ပီပြင်စွာ ဖွဲ့ဆိုထားသည်ကို တွေ့ရှိရပါသည်။

ဦးသြသည် အလောင်းမင်းတရားကြီး နှင့်အတူ နိုင်ငံလွတ်မြောက်ရေး၊ အချုပ်အချာ အာဏာပိုင်ရေး၊ စည်းလုံးညီညွတ်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သူ ဖြစ်သည်။ အလောင်းမင်းတရားကြီးသည် လယ်ယာလုပ်သားတို့ အကျိုးများ စိမ့်သောင်ဘာ မဟာနန္ဒာ ကန်တော်ကြီးကို ပြုပြင်တော်မူသည်။ မြို့တော်၊ ကန်တော်တို့ကို တည်ဆောက်ပြီးရုံမျှမက မူးမြစ်ကိုလည်း လူထုအားနှင့် ဖောက်လုပ်ခဲ့သည်။ အမျိုးဘာသာ သာသနာပွင့်လင်းစည်ပင်အောင် ဆောင်ရွက်ခဲ့ပါသည်။

စိန္တကျော်သူဦးသြသည် တော်လှန်ရေး စာဆိုတစ်ဦးဖြစ်၍ ကိုယ်တိုင် တွေ့ကြုံဖြစ်ပျက်သမျှတို့ကိုလည်း မှတ်တမ်းတင်လေ့ရှိသည်။ တော်လှန်ရေးလမ်းခရီးသည် သက်သက်သာသာ သွားလာရသည်မဟုတ်။ တောတောင်ကို ခုတ်ထွင်ရှင်းလင်းရသည်။ မြေကို တူးသင့်လျှင် တူးရသည်။ ရေကိုကူးသင့်လျ|င် ကူး၍ ဖြတ်သန်းသွားရသည်။မင်းတရားကြီးနှင့်အတူ စစ်သည်တော်တို့သည် ဒုက္ခအမျိုးမျိုးကို ခံခဲ့ကြရသည်။ ဒုက္ခရောက်ချင်ရောက်ပါစေ။ စိတ်ဓါတ်မကျ၊ စိတ်မပျက်၊ အောင်မြင်မှုကို မျှော်တွေး၍ ဇွဲ၊သတ္တိတို့ဖြင့် စိတ်ရှည်သည်းခံကာ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ကြသည်။

စိန္တကျော်သူဦးသြ၏ ရတုများတွင် တိုင်းပြည်တည်ထောင်ရာ၌ တိုင်းသူပြည်သားတို့သည် ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယ၊ တစ်ကိုယ်ကောင်း မဆန်တတ်သောစိတ်၊ ဘုရင်ကို ချစ်သောစိတ်၊ တိုင်းပြည်ကိုချစ်သောစိတ်များ အမြဲကိန်းအောင်းလာစေရန် လှုံ့ဆော်ရေးသား ထားပါသည်။ စိန္တကျော်သူဦးသြ၏ ရတုများသည် တိုင်းပြည်ကို ပြုပြင်ပေးရာလည်း ရောက်ပါသည်။ ထို့ကြောင့် စိန္တကျော်သူဦးသြ၏ ရတုများသည် နိုင်ငံသစ်တည်ဆောက်ရေးအတွက် အကျိုးပြုရတုများ ဖြစ်သည်ဟု သုံးသပ်နိုင်ပါတော့သည်။

နိဂုံး

စိန္တကျော်သူဦးသြ၏ ရတုများသည် မျိုးချစ်စိတ်ကို အခြေတည်၍ တိုင်းပြည် တည်ထောင်ရေး၌ ပြည်သူများ ပါဝင်လာအောင် စည်းရုံးရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။ ပြည်သူတို့ကိုလည်း ဘုရင်၏ဘုန်းတော်ရိပ်တွင် ခိုလှုံကာ နိုင်ငံသစ် ထူထောင်ရာတွင် ပါဝင်လာစေရန် တိုက်တွန်း နှိုးဆော်ထားသည့် အကျိုးပြုရတုများ ဖြစ်သည်ဟု ဆိုနိုင်ပါတော့သည်။

ကျမ်းကိုးစာရင်း

တင်၊ ဦး(ပုဂံဝန်ထောက်မင်း)။ (၁၉၅၈)။ ***ကဗျာ့ဗန္ဓသာရ***။ ရန်ကုန်၊ မြန်မာ့တာရာသတင်းစာတိုက်။ (စာ–၃၈)

ဖေမောင်တင်၊ ဦး။ (၂၀၀၃)။ ***မြန်မာစာပေသမိုင်း***။ (ပဋ္ဌမ–ကြိမ်)။ ရန်ကုန်၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်။ (စာ–၄၉)

မဟာဓေယသခ်ိ်ယာ။ (၁၉၆၃)။ ***ဝေါဟာရလိနတ်ဒီပနီ***။ (၃– ကြိမ်)။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။ (စာ–၃၇၉)

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***မြန်မာအဘိဓာန်***။ (ပ–ကြိမ်)။ ရန်ကုန်၊ ဥက္ကာကျော်ပုံနှိပ်တိုက်။ (စာ–၂၆၄)

လက်ဝဲနော်ရထာ။ (ခုနှစ်မပါ)။ ***အလောင်းဘုရားအရေးတော်ပုံ***။ ရန်ကုန်၊ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုဌာနစိတ်။ (စာ–၁၃၄–၁၃၅)

သုတ၊ မောင်(ဗိုလ်မှူးဘသောင်း)။ (၂၀၀၂)။ ***စာဆိုတော်များ အတ်ုပ္ပတ္တိ***။ (ပဋ္ဌမ–ကြိမ်)။ ရန်ကုန်၊ ရာပြည့်ပုံနှိပ်တိုက်။ (စာ –၁၅၆)

သြ၊ ဦး(စိန္တာကျော်သူ)။ (၁၉၅၆)။ ***စိန္တာကျော်သူဆိုရတုများ ဘိုးတော်ဧချင်းနှင့်မင်္ဂလာလူးတား***။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်။(စာ–၅၊ ၆၊၇၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၁၈၊ ၃၃၊ ၃၄၊ ၄၂)